# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 22 , 2022 | Volume 55, Number 16


၂၂.၆.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၉၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၃.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၆၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၉.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၁၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဗီယက်နမ်နိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်

ဗီယက်နမ်နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းသည် ယခုနှစ်တွင် စံချိန်တင်မြင့်တက်လာကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရသိရသည်။

ဗီယက်နမ်နိုင်ငံ၌ ယခုလတွင် လောင်စာဆီဈေးနှုန်းမြင့်တက်မှုသည် တတိယအကြိမ်မြောက် မြင့်တက်မှုဖြစ်ကြောင်း၊ ဇွန် ၂၁ ရက်မှစတင်ကာ ROM 95 တစ်လီတာဈေးနှုန်းသည် ဗီယက်နမ် ၄၉၈ ဒေါင် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂၂ ဒေါ်လာခန့်) မှ ၃၂၈၇၃ ဒေါင် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဒေါ်လာ) အထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ROM 92 တစ်လီတာဈေးနှုန်းသည် ဗီယက်နမ် ၁၈၅ ဒေါင် (၀ ဒသမ ၀၀၈ အမေရိကန်ဒေါ်လာ) မှ ၉၉၉ ဒေါင် (၀ ဒသမ ၀၄၃ အမေရိကန်ဒေါ်လာ) သို့ မြင့်တက်လျက်ရှိကြောင်းသိရသည်။ လောင်စာဆီဈေးနှုန်းနှင့်ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဓာတ်ဆီ၊ ဆီနှင့်အမဲဆီချောဆီများအတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအကောက်ခွန်နှုန်းထားများကိုလျှော့ချရန် အကြံပြုထားကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## မန္တလေးဈေးကွက်တွင် ပဲကျား အရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းမြင့်တက်လာ

မန္တလေးဈေးကွက်တွင် ပဲကျားအရောင်းအဝယ် ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခင်တစ်ပတ်က မန္တလေးဈေးကွက်အတွင်း၌ ပဲကျား အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုအခါ ပဲကျားများကို ပြည်ပက ပြည်လည်ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

“အခုလက်ရှိအချိန်မှာ ပဲကျားတွေကို ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုပြန်များလာပြီး အရောင်းအဝယ်က အရင်ကထက်ပိုပြီးကောင်းလာတာကြောင့် အခုလက်ရှိ ဈေးနှုန်းတွေပြန်ပြီးမြင့်တက်လာပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇွန် ၁၄ ရက်က ပဲကျားဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့(ဇွန်-၂၁)ပေါက်ဈေးအရ ပဲကျား သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ရှိပြီး ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

"အခု လောလောဆယ်တော့ ပဲကျားအရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ ပြည်ပကလဲ အခုတလော အဝယ်ပြန်များလာတယ်။ နောက်ပိုင်းမှာလဲ ပဲကျားအရောင်းအဝယ် ဒီထက်ပိုကောင်းလာနိုင်ပြီး ဈေးနှုန်းတွေလဲ အခုထက်ပိုပြီး အတက်ဘက်ရောက်လာနိုင်ပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘိုကလေးမြို့နယ်တွင် ကွမ်းသီးအနုဈေးကောင်းလာသဖြင့် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ကွမ်းသီးအနုဝယ်လိုအားကောင်းပြီး ဈေးကောင်း ရရှိနေသဖြင့် ကွမ်းသီးပင်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှသိရသည်။ ဘိုကလေးမြို့နယ်တွင် ဇွန်လ၌ ကွမ်းသီးများ လှိုင်လှိုင်ပေါ်နေသည့်ကာလဖြစ်ပြီး ဇွန်လအတွင်း ကွမ်းသီးအနုဝယ်လိုအားကောင်းလာပြီး ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ကုန်သည်တွေက ကွမ်းသီးအနုတွေကို ဈေးကောင်းပေးပြီးဝယ်လာကြပါတယ်။ အရင်တုန်းက ကွမ်းသီးအနုကို ဝယ်ယူတာမရှိပါဘူး။ ၂၀၂၁ ခုနှစ်လောက်က စတင်ဝယ်ယူလာကြတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနုအလုံး ၁၀၀ ကို ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းလာပါတယ်။ ကွမ်းသီးအနုက မနှစ်ကတော့ အလုံး ၁၀၀ ကို ငွေကျပ် ၃၅၀၀ လောက်ပဲရှိပါတယ်။ ဒီနှစ် နှစ်စပိုင်းမှာတော့ အလုံး ၁၀၀ ကို ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်လာပြီး လက်ရှိ ဇွန်လအတွင်းမှာတော့ အလုံး ၁၀၀ ကို ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းနေတာဖြစ်ပါတယ်။ ကွမ်းသီးစိုက်သူတွေက ရင့်တဲ့ထိစောင့်စရာမလိုဘဲ ငွေရနေလို့ အဆင်ပြေနေကြပါတယ်" ဟု ဘိုကလေးမြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းကပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် ဝယ်ယူလာကြကြောင်း၊ ကွမ်းသီးအနုများကို ရန်ကုန်တိုင်းဒေသကြီးဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဆင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပတွင် ကွမ်းသီးအနုများကို အစာခြေဆေး၊ သန်ချဆေး၊ စိတ်ကျရောဂါဆိုင်ရာကုသရေးဆေးဝါးများ၊ ခံတွင်းရနံ့သန့်စင်ဆေးရည်များဖော်စပ်ရာတွင် အသုံးပြုကြကြောင်း ကွမ်းသီးအနုဝယ်ယူသည့် ကုန်သည်များထံမှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက အမှာရှိသော ရွှေချည်ထိုးရုပ်သေးရုပ်များ ပြန်လည်တင်ပို့ရန်စီစဉ်နေ



Source: ရတနာပုံသတင်းစာ

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက အမှာရှိသော မြန်မာမှုလက်ရာ ရွှေချည်ထိုးရုပ်သေးရုပ်များကို ပြန်လည်တင်ပို့ရန် စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ကိုဗစ်မတိုင်မီကာလများ၌ မြန်မာမှုလက်ရာဖြစ်သည့် ရွှေချည်ထိုးပန်းချီကားများကို မှာယူလေ့ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်ကြောင့် မှာယူမှုများကို ရပ်ထားနားခဲ့ရာ ယခုနှစ် ဇွန်လပထမပတ်မှ စတင်ကာ အမှာစာများလက်ခံရရှိထားသဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးရန် စီစဉ်နေကြောင်းသိရသည်။

"ကိုဗစ်မတိုင်ခင်ကတည်းက ပြည်ပက အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို ရုပ်သေးရုပ်၊ ရွှေချည်ထိုး ပန်းချီကားတွေကို နယ်စပ်ကုန်သွယ်ရေးစခန်းကနေပို့ရတာရှိပါတယ်။ အခု သူတို့အခိက ပြန်မှာတာကတော့ ကိုးလက်မ အရွယ်အစား ရုပ်သေးရုပ်တွေပါ။ မင်းသား၊ မင်းသမီးစုံတွဲတွေပဲ မှာသေးတယ်။ ပုံမှန်ဆိုရင်တော့ မင်းသား၊ မင်းသမီး၊ ဇော်၊ ဝန်နဲ့ဘီလူးပေါ့။ အခုတော့ မင်းသား၊ မင်းသမီးပဲ အမှာတက်နေသေးတယ်။ ဒီလမကုန်ခင် အရုပ်အစုံ ၂၀၀ တင်ပို့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းရောင်းဈေးကတော့ ရုပ်သေးတစ်စုံကို ငွေကျပ် ၇၅၀၀၀ ကျသင့်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြန်မာ့ရိုးရာလက်မှုပညာထုတ်ကုန် အင်ကြင်းပုတီးများအရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

မြန်မာ့ရိုးရာလက်မှုပညာထုတ်ကုန်တစ်မျိုးဖြစ်သည့် အင်ကြင်းပုတီးများကို ပြည်ပထွက်ခွာသူများက ဝယ်ယူသောကြောင့် အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ Tree Jade အင်ကြင်းကျောက်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးမင်းဆွေက ပြောပြ၍သိရသည်။

အဆိုပါ အင်ကြင်းပုတီးကို အင်ကြင်းကျောက်၏ ဘေးထွက်ပစ္စည်းဖြစ်သည့် အင်ကြင်းကျောက် အကာသားများဖြင့်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဆိုပါပုတီးများသည် ချင်းတိုင်းရင်းသားအသုံးပြု ဆင်ယင်ကြသည့်ပုတီးများနှင့် အသွင်အပြင်ရော၊ ပုံသဏ္ဌာန်ပါ တူညီနေသဖြင့် ချင်းပုတီးဟုလည်း လူသိများကြောင်း၊ ချင်းပုတီးဟု အလွယ်ခေါ်ကြသော်လည်း ချင်းတိုင်းရင်းသူများက လည်ဆွဲအဖြစ်ဆင်ယင်သည့် မြန်မာ့ရိုးရာ လက်မှုအလှထည်ပစ္စည်းတစ်ခုဖြစ်ကြောင်း သိရသည်။

"အင်ကြင်းပုတီးကတော့ ဈေးကွက်ရှိပြီးသားဖြစ်ပါတယ်။ ကိုဗစ်မတိုင်ခင်ကတည်းက ဈေးကွက် ခိုင်ခိုင်မာမာရှိပြီးသားပါ။ ကိုဗစ်ဖြစ်လိုက်တော့ လုပ်ငန်းတွေရပ်ပြီးတော့ မထုတ်လုပ်နိုင်တော့ဘူးဖြစ်သွားတယ်။ အခုနောက်ပိုင်း ပြန်ထုတ်လုပ်တဲ့အခါကျတော့ ပြည်ပထွက်ခွာသူတွေက နိုင်ငံခြားသားတွေကို လက်ဆောင်ပေးဖို့ဆိုပြီးတော့ လာဝယ်ကြတဲ့အတွက် မေလကစပြီး အခု ဇွန်လတတိယပတ်ထိ တစ်ရက်လျှင် ပုတီးစေ့ကိုးလုံးပါ အကုံးရေ ၁၀ ကုံးကနေ ၂၅ ကုံးထိ အရောင်းသွက်လာပါတယ်။ ပင်ရင်းကတော့ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ဘက်ကဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာ ပုတီးစေ့ကိုးလုံးပါ တစ်ကုံးကို ငွေကျပ် ၂၅၀၀၀ လောက်ရှိပါတယ်" ဟု မန်နေးဂျင်းဒါရိုက်တာ ဦးမင်းဆွေက ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြင်ဦးလွင်မြို့မှ ယခုနှစ်ထွက်ရှိသည့် မက်မန်းသီးများ အရောင်းအဝယ်ကောင်း၍ ဈေးကောင်းရနေ



https://www.myawady.net.mm/node/27091

ယခုနှစ်ထွက်ရှိသည့် မက်မန်းသီးများ အရောင်းအဝယ်ကောင်းနေသောကြောင့် ယခင်နှစ်ကထက် ဈေးကောင်းရနေကြောင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မက်မန်းစိုက်ပျိုးသူများ၏ ပြောဆိုချက်အရ သိရသည်။

ပြီးခဲ့သည့်နှစ် မက်မန်းသီးထွက်ရှိချိန်က ဝယ်လိုအားနည်းသည့်အတွက် မက်မန်းသီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၁၃၀၀ မှ ၂၅၀၀ ဝန်းကျင် အထိ ဈေးနှုန်းရရှိကြောင်းသိရသည်။

အရင်နှစ်တွေက အရောင်းအဝယ်အေးခဲ့ပေမယ့် ဒီနှစ်အရောင်းအဝယ် ပြန်ကောင်းနေပါတယ်။ ဒီကထွက်တဲ့ သီးစားမျိုး၊ ဆားရည်စိမ်မျိုး အကုန်ရောင်းရတယ်။ အချဉ်ပေါင်းလုပ်ဖို့၊ ဝိုင်ဖောက်ဖို့၊ ဆားရည်စိမ်ဖို့ အကုန်သုံးလို့ရတယ်။ တချို့လည်း မက်မွန်အောက်ခံပင်နဲ့ မက်မန်းကို ကိုင်းဆက်စိုက်တာတွေရှိပါတယ်။ သူကတော့ သဘာဝသီးထက် ပိုကြွပ်ပြီး ဝိုင်လုပ်ဖို့ ပိုကောင်းတယ်။ ဒီကစိုက်တာက မိရိုးဖလာအတိုင်း စိုက်တာပါဟု ပြင်ဦးလွင်မြို့မှ တစ်နိုင်တစ်ပိုင်

မက်မန်းစိုက်ပျိုးသူ ဦးအောင်စိုးကပြောသည်။

မက်မန်းသည် သီးစားမျိုးနှင့်ဆားရည်စိမ်မျိုးဟူ၍ရှိပြီး သီးစားမျိုးတွင် အညိုရောင်ရှိ၍ အလုံးကြီးကာ ဆားရည်စိမ်မျိုးတွင် အညို၊ အနီ၊ အဝါဟူ၍ရှိကြောင်း၊ ဆားရည်စိမ်မျိုးမှ မက်မန်းဝိုင်၊ မက်မန်းဆားရည် စိမ်၊ မက်မန်းတော်ဖီတို့ ပြုလုပ်နိုင်ကြောင်းသိရသည်။ မက်မန်းပင်များကို ဇူလိုင်နှင့်ဩဂုတ်လတို့တွင် စတင်စိုက်ပျိုးပြီး နှစ်နှစ်အကြာတွင် အသီးစတင်ဆွတ်ခူးနိုင်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/27091

## ထိုင်းမှာ ဆေးခြောက်စိုက်ပျိုးရန် စာရင်းပေးသွင်းသူ လွန်စွာများပြား


https://www.foodindustrydirectory.com.mm

ထိုင်းနိုင်ငံမှာ ဆေးခြောက်ကို တရားဝင်ခွင့်ပြုလိုက်တဲ့ ဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ စိုက်ပျိုးထုတ်လုပ်စရာ အပင်တစ်မျိုးတိုးသွားပါတယ်။ ထိုင်းနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန Food and Drug Administration (FDA) က စမတ်ဖုန်းအက်ပ်မှတစ်ဆင့် ဆေးခြောက်စိုက်ပျိုးလိုသူများကို စာရင်းသွင်းခိုင်းခဲ့ရာ စိုက်ပျိုးမည့်သူဦးရေ တစ်သိန်းကျော် စာရင်းပေးသွင်းခဲ့ကြပါတယ်။ cannabis နှင့် hemp ၂ မျိုးစလုံး စာရင်းပေးသွင်းထားဖို့ လိုအပ်ပါတယ်။

အက်ပ်ဖြင့် FDA ဝဘ်ဆိုက်မှာ စာရင်းပေးသွင်းသူ များလွန်းသဖြင့် ဝဘ်ဆိုက်ပြုတ်ကျသွားခဲ့ပါတယ်။ FDA က နောက်ထပ်ဝဘ်ဆိုက်တစ်ခု အသစ်ထပ်ဖွင့်ပေးပြီး ဝဘ်ဆိုက်နှစ်ခုဖြင့် စာရင်းပေးသွင်းသူများကို လက်ခံပေးခဲ့ပါတယ်။

အွန်လိုင်း စာရင်းပေးသွင်းခြင်း တစ်မျိုးတည်းဖြင့်သာ ဆေးခြောက်စိုက်ပျိုးသူများ စာရင်းပေးသွင်းနိုင်ပါတယ်။ စာရင်းပေးသွင်းပြီးသွားရင် ဆေးခြောက်စိုက်ပျိုးခွင့် လျှောက်ထားဖို့မလိုတော့ဘူး။ စတင်စိုက်ပျိုးလို့ရပြီလို့ FDA မှ Dr Paisarn ပြောကြားပါတယ်။

စာရင်းပေးသွင်းခြင်းကို ဇွန်လ ၁၆ ရက် ကြာသပတေးမှာ စတင်လက်ခံခဲ့ပါတယ်။ စာရင်းပေးသွင်းဖို့ အက်ပ် ရယူကြိမ်ရေ ၅၀,၀၀၀ ကျော်ရှိခဲ့ပြီး စာရင်းပေးသွင်းပြီးစီးသူဦးရေ တစ်သိန်းကျော်ရှိခဲ့တယ်လို့ Dr Paisarn က ပြောကြားပါတယ်။ စာရင်းပေးသွင်းသူတွေကို FDA က အီလက်ထရွန်းနစ် မှတ်ပုံတင်လက်မှတ်ကို အက်ပ်ဆီသို့ ပို့ပေးပါတယ်။ သတ်မှတ်ထားတဲ့စည်းမျဉ်းများ လိုက်နာစောင့်ထိန်းရမယ့်အချက်များ ချိုးဖောက်လျှင် လက်မှတ်ကိုပယ်ဖျက်မှာဖြစ်ပါတယ်လို့ Dr Paisarn က ပြောကြားပါတယ်။

မှတ်ပုံတင်ပြီးတဲ့အခါ cannabis နှင့် hemp ဆေးခြောက် ၂ မျိုးစလုံး စိုက်ပျိုးခွင့်ရရှိပါတယ်။ ထို့ပြင် အပင်မှ ဆွတ်ခူးပြီး လိုအပ်သလို ပြုပြင်ဆောင်ရွက်ခွင့်လည်းရှိပါတယ်။ ဒါပေမဲ့ tetrahydrocannabinol (THC) ပါဝင်မှု ၀.၂ % ထက်ကျော်လွန်တဲ့ အဆီထုတ်မယ်ဆိုရင်တော့ ခွင့်ပြုမိန့် လျှောက်ထားဖို့လိုအပ်ပါတယ်။ THC ပါဝင်မှု ၀.၂ % ထက် ကျော်လွန်တဲ့ အဆီကို မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ပါတယ်။

**Source: bangkokpost.**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4623-register-to-grow-cannabis.html

# STOCK EXCHANGE (22.6.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Jun. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +100 | +1.35% | 7,500 | 7,500 | 7,500 | 1,480 | 11,100,000 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 1,003 | 2,657,950 | 38,929,150 | 103,162 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 44 | 303,600 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +500 | +2.86% | 18,000 | 18,000 | 18,000 | 15 | 270,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | -50 | -1.96% | 2,500 | 2,500 | 2,500 | 100 | 250,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


## Market summary

As of 22nd Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 346.16 | +2.24 | +0.65% | 346.53 | 346.53 | 346.16 | 2,642 | 14,581,550 | 7 | 602,187 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 22nd Jun. 2022

| MYANPIX | 346.16 ▲ 2.24 |
|---|---|
| Total Volume (shares) | 2,642 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 602,187 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 100 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,500 | ▼ 50 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |